


# လိင်နှင့်မှုခင်း

မှုခင်းလျော့နည်းကျဆင်းရေးသုသေသနပြုစာတမ်းနှင့်
ဖြစ်ရပ်မှန်များ

## SEX AND CRIME

Clinton T.Duffy & AlHirshberg

**ဘနှင်း**
( မြန်မာပြန်)

## လှိုက်လှဲစွာ ကျေးဇူးတင်သင့်သူများ

## မူလစာရေးသူ၏ အမှာ စာ

ကယ်လီဖိုးနီးယားမှ ပြုပြင်ရေးဌာနချုပ်သို့လည်းကောင်း၊ အစိုးရလက်အောက်မှ တရားခံများ ၊ အရာရှိများ နှင့် ဝန်ထမ်းများ သို့လည်းကောင်း၊ ထောင်မှ လွတ်မြောက်ပြီး ကောင်းမွန်စွာ နေထိုင်ရသည့် ဘဝတွင် စာရေးသူနှင့် တွေ့ပြီး ပူးပေါင်းလာသူများကိုလည်းကောင်း ကြီးစွာကျေးဇူးတင်ရပါသည် ။

အစိုးရဆိုင်ရာ ရုံးတံခါးများ နှင့် ပညာရေးဆိုင်ရာ အဆောက်အအုံတို့ အား စာရေးသူအတွက် မက်ဆီကိုနိုင်ငံမှ ဥက္ကဋ္ဌဖြစ်သူ အဒေါ်လ်ဖိုလိုပက်၏ မာတီးအိုးစ်အားလည်း ဤစာအုပ်တွင် ဖော်ပြရမည် ဖြစ်ပါသည် ။

မက်ဆီကို အစိုးရဌာနမှ အတွင်းရေးမှူးဖြစ်သူ "လူးဝစ်အီဂျီဘာရီယာ"၏ နွေးထွေးစွာ ကြိုဆိုမှုနှင့်အတူ မိမိတို့ တွေ့ဆုံရောက်ရှိချင်လိုသော နေရာများ နှင့်တကွ ထရက်မာရီးယာ့စ်သို့ သွားရောက်ရာတွင် လေယာဉ်ပျံပါ အသင့်စီစဉ်ပေးခဲ့သော ကျေးဇူးအား မေ့ဖျောက်ခြင်းငှာ မစွမ်းနိုင်ပြီ။ ထိုနည်းတူ သူ့လက်အောက်မှ စစ်အရာရှိ "ရိုဒေါလ်ဖိုအာလကာဇာ"အားလည်း မှတ်တမ်း တင်ထိုက်ပါကြောင်း ...။

ကယ်လီဖိုးနီးယားနိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ မက်ဆီကိုဗိုလ်ချုပ်၏ ကောင်စစ်အရာရှိဖြစ်သူ "အဒေါ်လ်ဖိုဒိုမင်ဂွက်စ်"သည် မက်ဆီကိုနိုင်ငံ အကျဉ်းထောင်သို့ စာရေးသူတို့ သွားရောက် စစ်ဆေးလေ့လာရာတွင် ပထမဦးစွာ အကူအညီပေးခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည် ။ သူ၏ အကူအညီကိုသာ မရခဲ့ပါက စာရေးသူတို့ ၏ ခရီးစဉ်သည် နှောင့်နှေးကြန့်ကြာရတော့မည် ဖြစ်ပါ၏။

ကာဆယ်ပရီးဗင့်တီဗာ (လူမည်းနန်းတော်)၏ အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ် ကားလော့စ်မာတင်ဒဲလ်ကမ်ပိုသည် လည်း မက်ဆီကိုတွင် လိုအပ်နေသည့် အကူအညီနှင့် အထောက်အပံ့များအား အထူးကူညီဖြည့်စွက်ပေးခဲ့ပါသည် ။

ထရက်စ်မာရီးယက်စ်သို့ ထွက်ရာတွင် သူ့ကိုယ်ပိုင်လေယာဉ်ပျံကို စီစဉ်ပေးရုံမျှမကပဲ လူအားပါ ထည့်သွင်းပေးခဲ့သည့် လေယာဉ်မှူးကပ္ပတိန် ဟူးရိုးမူရှိကာအား ဒီစာအုပ်တွင် မေ့ပျောက်ပစ်၍ မရပြီ။

မာရီယာမဒရီ၏ အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ်အန်ရီကျူကာတလန်နှင့်ဇနီး ဝန်ထမ်းများ နှင့် ခိုလှုံနေကြသူများအားလည်း ဖော်ပြအပ်ပါသည် ။

စာရေးသူ၏ မိတ်ဆွေ ဘောလင်းရိုက်နှင့် ၎င်း၏ သား ဟာရီရိုက်၊ စက္ကရီတေရီဖြစ်သူ အက်စသာပေရီနှင့် ရှေ့နေ ဂျော်ဇင်ရာမို့စ်အပြင် အခြားသော မက်ဆီကိုမှ ပုဂ္ဂိုလ်များအားလည်း စာရေးသူတို့ လည်ပတ်စဉ်တွင် ချောမွေ့အောင်မြင်အောင် ဆောင်ကြဉ်းပေးခဲ့သည့်အတွက် မမေ့တစ်သက် မှတ်တမ်းပြုရပါမည်။

စာရေးသူနှင့် ၂၅နှစ်ကျော်ကျော် ပေါင်းသင်းခင်မင်

လာခဲ့သည့်အလျောက် မက်ဆီကို နိုင်ငံတစ်ဝန်းဆီသို့ ခရီးနှင်ရာတွင် စီစဉ်ကူညီပေးခဲ့သည့်အပြင် ထောင်တို့ ၏ ဓလေ့ထုံးတမ်းတို့ ကို တင်ကြိုအသိပေးခဲ့သော မိတ်ဆွေဖြစ်သူ ဒေါက်တာ ဇွန်ဂျို့စ်အက်ဖ်အူဘာတိုင် အားလည်း အထူးတလည် ကျေးဇူးတင်ရှိရပါမည်။ သူ၏ အကူအညီသာ ထိရောက်စွာ မရရှိဖြစ်ပါက ထိုခရီးသည် ဘယ်သို့မျှ ရောက်ရှိနိုင်ဖွယ် မရှိပြီ။

**စီတီဒီ**

## ရာဇဝတ်မှုအများ စု၏ အဓိကတရားခံ

ရာဇဝတ်မှု အားလုံးနီးပါးကို ဖြစ်စေသော တရားခံမှာ လိင်ကိစ္စပင်ဖြစ်သည် ။ ရာဇဝတ်ကောင်အားလုံးနီးပါးမျှကို လွှမ်းမိုးချုပ်ကိုင်ခဲ့သော "အား"လည်း ဖြစ်သည် ။ လိင်ကိစ္စနှင့် မပတ်သက်သော ရာဇဝတ်မှုဟူသည် ရှားပါးလှကြောင်း ဆန်ကွင်တင်းအကျဉ်းထောင်၏ ထောင်မှူးအဖြစ် လုပ်သက် ၃၅နှစ်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အရွယ်ရောက်ပြီးသူများ ပြစ်မှုရေးရာ အာဏာပိုင်အဖွဲ့ဝင် ဆန်ဖရန်စစ္စကို အရက်ရေးရာကောင်စီ၏ အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ကျွန်တော် သိမြင်ခဲ့ပြီး ဖြစ်ပါသည် ။

လိင်ကိစ္စသည် လူတို့ အား သိသိသာသာနှင့်တစ်ဖုံ မသိမသာနှင့် တစ်မျိုးဆိုသလို အမှားသို့ရှေးရှုစေတတ်သည် ။ ဥပမာ မုဒိမ်းမှုသည် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုအဖြစ် ထင်ရှားလှသည် ။ မီးရှို့မှုကတော့ လိင်နှင့်ဆိုင်ကြောင်း မထင်ရှားသော်လည်း ပတ်သက်သည် သာဖြစ်သည် ။ လိင်ကိစ္စကို မလျော်မကန် အသုံးချခြင်း၊ ရမ္မက်စိတ်ကြောင့် ပြစ်မှုကျူးလွန်ခြင်းကတော့ လိင်နှင့်ဆိုင်ကြောင်း ထင်ရှားပါသည် ။

ပိုက်ဆံအိတ်လုပြေးမှုသည် လိင်နှင့်မဆိုင်သလိုရှိသော်လည်း သက်ဆိုင်နေသည် ။ ကလေးများ ၏ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါကို

ထိပါးစော်ကားခြင်းနှင့် လိင်ရာဇဝတ်မှုဖြစ်သည့် ဖောက်ထွင်းမှုသည်လည်း ထို့အတူဖြစ်သည် ။ မိသားစုခြင်း လိင်ဆက်ဆံခြင်းသည် လိင်ရာဇဝတ်မှု ဖြစ်သည် ။ အတုပြုလုပ်မှုသည် လိင်နှင့်ဆိုင်ပုံမရသော်လည်း သက်ဆိုင်နေပါသည် ။ လိင်တူခြင်း ဆက်ဆံခြင်းကတော့ လိင်ရာဇဝတ်မှုဖြစ်ကြောင်း သိသာပါသည် ။ ပြန်ပေးမှုသည် လိင်နှင့် မသက်ဆိုင်သလိုရှိသော်လည်း ထို အ မှု အား လုံး လော က် မှာ လိင်ကြောင့်ဖြစ်ရကြောင်း အမှန်ပင်ဖြစ်သည် ။ လူသတ်မှုကမူ မကြာခဏဆိုသလို လိင်ကိစ္စကြောင့်ဖြစ်ရခြင်းမျိုး တွေ့ရပါသည် ။ ခိုးမှု၊ ခါးပိုက်နှိုက်မှု၊ ကားခိုးမှုတို့ သည်လည်း သဘာဝအတိုင်း မဟုတ်သော လိင်ဆက်ဆံမှု၊ မုဒိမ်းကျင့်ရန်ကြိုးပမ်းမှုတို့ ကဲ့သို့ပင် လိင်ကြောင့် ဖြစ်ရခြင်းဖြစ်သည့် အန္တရာယ်ရှိသော လက်နက်နှင့် ထိခိုက်နာကျင်စေမှုသည် ပင်၊ အမျိုးသမီးတို့ ၏ အတွင်းခံအဝတ်အစားများကို ကိုင်တွယ်ကြည့်ရှုလိုစိတ် ကဲ့သို့ပင် လိင်ကိစ္စက အကြောင်းခံလာခြင်းဖြစ်ပေသည် ။

ရာဇဝတ်ကောင်တို့ မှာ လိင်ကိစ္စဆိုင်ရာ စိတ်ကျဉ်းကျပ်မှုများ ၊ သံသယများ ၊ စိတ်ကူးယဉ်မှုများ ၊ စိုးရိမ်ကြောင့်ကြမှုများ ၊ ငတ်မွတ်မှုများကြောင့် စိတ်မတည်မငြိမ်နှင့် ဇဝေဇဝါစိတ်ရှုပ်ထွေးမှုများ ဖြစ်လာတတ်ကြသည် ။ အမေရိကန်ပြည်ထောင်စု အကျဉ်းထောင်များ ရှိ ထောင်သား ဇ ဂ ရာ ခို င် နှု န်း မျှ မှာ ပြဿနာကို ချုပ်ထိန်းနိုင်စွမ်းမရှိ၍ ထောင်ထဲရောက်ခဲ့ရကြောင်း ကျွန်တော် မှတ်ယူမိသည် ။

ကျွန်တော်၏ အယူအဆကို ပါရဂူအချို့က လက်မခံသည် ကို ကျွန်တော်သိပါသည် ။ သူတို့ ၏ အယူအဆများကိုလည်း ကျွန်တော်

လေးစားပါသည် ။ ကျွန်တော်၏ အယူအဆမှာ အကျဉ်းသားများ ၊ ထောင်မှူးများ ၊ အကျဉ်းထောင်ဆရာဝန်များ နှင့် အချိန်ကာလကြာမြင့်စွာ ဆွေးနွေးကြည့်မှု၊ ကျွန်တော့်ဘာသာ အနီးကပ်လေ့လာမှုတို့ အပေါ် မူတည်ခဲ့ပါသည် ။ ထောင်ပေါင်းများ စွာသော အကျဉ်းသားများ နှင့်လည်းကောင်း၊ ပြည်နယ်လွတ်ငြိမ်းချမ်းသာခွင့် ဘုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်ရပြီးနောက် သောင်းနှင့်ချီသော အကျဉ်းသားများ နှင့်လည်းကောင်း ကျွန်တော် တွေ့ဆုံစကားပြောခဲ့ရပါသည် ။ လိင်ကိစ္စကို မထိန်းချုပ်နိုင်၍ ပြစ်မှုကျူးလွန်ရကြောင်းဟူသော အခြေခံအချက်ကို အနေးနှင့်အမြန်ဆိုသလို ၎င်းတို့ ဝန်ခံခဲ့ကြသည် ။

ဖြစ်ပျက်ပုံအမှန်ကို မသိဘဲနှင့်တော့ လူပြည့်နေပြီးဖြစ်သော ထောင်များ တွင် လူများ လျှံမထွက်ရန် ထိန်းချုပ်လိုပါလျှင် ထိုအချက်ကို သတိပြုရပါမည်။ ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုတစ်ခုသည် ဒေါသကြောင့် ဖြစ်ပေါ်လာရခြင်းဟု မှတ်ယူရုံနှင့် မလုံလောက်ပါ။ ဒေါသဖြစ်ရခြင်းအကြောင်းရင်းကို ကျွန်တော်တို့ သိထားမှ ဖြစ်ပါသည် ။ ဤကိစ္စမှာ စိတ်ရောဂါကုပညာရှင်များ ၊ စိတ်ပညာရှင်များ ၊ အတိုင်ပင်ခံ ကျွမ်းကျင်ပညာရှင်များ ၏ အလုပ်ဖြစ်သည် မှာ မှန်ပါသည် ။ သို့သော် အကြောင်းရင်းအစစ်အမှန်မှာ လိင်ကိစ္စကြောင့်ဟု ကျွန်တော်ကတော့ အလွန်သံသယ ရှိနေပါသည် ။

လ က် န က် ကို င် ဓား ပြ တို က် သူ မှာ ယေဘုယျစိတ်မပြည့်စုံမှု၏ အာရုံခံစားလွယ်ခြင်းမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည် ။ ထိုသူသည် ပုလျှင်ပုမည်၊ အားနည်းချက်ရှိသူဖြစ်လျှင်ဖြစ်မည်၊ မိုက်မဲသူ ဖြစ်လျှင်ဖြစ်မည်၊ သို့မဟုတ် တစ်မျိုးတစ်ဖုံ စိတ်နှင့်ရုပ် မပြည့်စုံသူ

ဖြစ်လျှင် ဖြစ်မည်။ ထို့ကြောင့် သူက သေနတ်ကိုင်သည် ။ သေနတ်ကိုင်ခြင်းက သေနတ်မရှိသူထက် သူက ပိုအားကြီးသူဖြစ်ကြောင်း မှတ်ယူစေသည် ။ လက်နက်မရှိသူအပေါ် အနိုင်ယူရာတွင် သူ့အရည်အသွေးနှယ် လိင်ပိုင်းဆိုင်ရာကိုပါ "အား"ကြီးသွားစေတော့သည် ။ သေနတ်ပစ်ရတော့မည့်အရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ကြောက်လန့်မှု ဖြစ်ရကြောင်း၊ ထောင်ကျသေနတ်သမားတို့ က ကျွန်တော့်အား ပြောပြပုံ မကြာခဏ ကြုံခဲ့ရသည် ။ ထိုသူတို့ ၏ ရာဇဝတ်မှုမှတ်တမ်းတွင် လိင်ပိုင်းဆိုင်ရာ မလျော်မကန် ပြုလုပ်ခဲ့မှုရှိကြောင်း ပါနေခြင်းမျိုးလည်း အတော်များများ တွေ့ခဲ့ရပါသည် ။

အတုလုပ်သူများ ၊ ချက်လက်မှတ်လိမ်ထုတ်သူများ ၊ ငွေအလွဲသုံးစားလုပ်သူများ တွင် လည်း ထိုအချက်ကို တွေ့ရသည် ။ ၎င်းတို့ အားလုံးနီးပါးလောက်တွင် လိင်ပိုင်းဆိုင်ရာ ပြဿနာများ နောက်ခံသမိုင်း ရှိထားကြသည် ဆိုခဲ့ပါက သေနတ်သမားနှယ်ပင် လိင်ပိုင်းဆိုင်ရာ ပစ္စည်းစုံမှု ခံစားချက်က ထိုသူတို့ ထံတွင် ရှိနေကြသည် ။ သူတို့ ၏ စိတ်ကျေနပ်မှုရှာဖွေပုံကတော့ တစ်မျိုးတစ်ဘာသာ ဖြစ်သည် ။ သားကောင်များ အပေါ် နိုင်ထက်ကလူပြုမည့်အစား သူတို့ ထက်သာကြောင်းပြကာ စိတ်ကျေနပ်မှုကို ရယူတတ်ကြသည် ။ တစ်ကိုယ်တော်ကြဲရခြင်းက ရုပ်ပိုင်းဆိုင်ရာ တည်ငြိမ်အေးချမ်းမှုကို တစ်ခါတစ်ရံ ရလိုက်ကြသည် ။ အောင်မြင်ပါက အတိုင်းထက်အလွန်ပင် ဖြစ်သည် ။

ဖောက်ထွင်းရေးသမားတို့ မှာ သူတို့ မဝင်သင့်သည့်နေရာကိုဝင်ကြောင်း သိထားကြသည် ။ ယောက်ျားတစ်ဦးဦးက သူတို့ ကို မောင်းထုတ်လိုက်သလို

ထွက်ပြေးစရာအကြောင်းရှိသည် ။ သို့သော် အမျိုးသမီးတစ်ဦးတည်းရှိနေမည့်အဖြစ်ကို မျှော်လင့်ထားကြပြန်သည် ။

၎င်းတို့ အတွက် ထိုအမျိုးသမီးမှာ ရုပ်ရည်လှရန်မလို၊ အသက်အရွယ် ငယ်စရာမလို၊ ကလေးဖြစ်လျှင်ဖြစ်၊ အသက်ကြီးလျှင်ကြီး၊ မုတ်ဆိတ်ကျင်စွယ်ပေါက်နေသူဖြစ်လျှင်ဖြစ်၊ အဓိကကျသည် က မ-သတ္တဝါဖြစ်ရေးပင်။ သူက မုဒိမ်းကျင့်ရန် ကြိုးစားမည်။ တည်ရှိနေသော အခန်း၏ အမှောင်ထုက သားကောင်၏ ရုပ်ရည်ရူပကာ စသည် တို့ ကို မြင်တွေ့နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပါ။

ငွေအနည်းငယ်သာ ခိုးယူတတ်သော အလစ်သမား၊ သူခိုးလေးတစ်ဦး၊ ဒေါ်လာသုံးသောင်း ခိုးယူမှုဖြင့် ထောင်ကျ လာပြီးနောက် ထောင်ဝန်းအတွင်းတွင် အခြားထောင်ကျဖက်များအား ပြောပြနေပုံကို တစ်ကြိမ်က ကျွန်တော် ကြားလိုက်မိသည် ။

"အိပ်ခန်းထဲက မှန်တင်ခုံကို ငွေနည်းနည်းပါးပါး ရမလားလို့ ကျွန်တော်က မွှေတာ၊ အဝတ်တွေအောက်မှာ ဒေါ်လာသုံးသောင်းလည်း တွေ့လိုက်ကော ကျွန်တော်မယူဘဲ ထားခဲ့တော့မလို့ တောင် ဖြစ်မိတယ်"

တစ်ယောက်က ပြောလာသည် ။

"ဒါကမဆန်းပါဘူး ... ကောင်မလေးတစ်ယောက်ရှိမလားလို့ ခင်ဗျားက ဝင်တာပဲဥစ္စာ"

မိန်းမတစ်ဦး၏ ပိုက်ဆံအိတ်ကို လုပြေးရုံသာလုပ်သော အလစ်သမားမျိုးကို ကျွန်တော် မကြားဖူးပါ။ သူမအား သူက လိုအပ်သည် ဖြစ်စေ၊ မလိုအပ်သည် ဖြစ်စေ မြေကြီးပေါ်သို့ တွန်းလှဲမည်။ ထိတွေ့နိုင်သမျှ အသားဆိုင်တို့ ကို

ကိုင်တွယ်ပွတ်သပ်လိုက်ပေဦးမည်။ ဤသည် မှာ သူ၏ အဓိကအကြောင်း ဖြစ်သည် ။ ငွေအနည်းငယ်သာ ပါနိုင်မည့်အိတ်က အဓိကမဟုတ်ပါ။ သူလိုလားသည် က ကိုယ်ခန္ဓာချင်း ထိတွေ့မှုဖြစ်သည် ။ ထိုအထိအတွေ့ကိုသာ ရပါက ငွေအနည်းငယ်သာရခြင်းက သူ့ကို စိတ်ပျက်မသွားစေနိုင်ပါ။

မူးယစ်ဆေးသုံးသူအများ စုမှာ လိင်ပိုင်းဆိုင်ရာ ကျေနပ်မှုမရခြင်း၏ သားကောင်များ ဖြစ်ကြသည် ။ သူတို့ ၏ လိင်ကိစ္စတွင် တင်းပြည့်ကျပ်ပြည့် မခံစားကြရ။ သို့မဟုတ် ကိုးရိုးကားရား ဖြစ်နေတတ်သည် ။ သို့မဟုတ် အနည်းငယ်သာ စိတ်ကျေနပ်မှု ရတတ်ကြသည် ။ သူတို့ ၏ လိင်ဆက်ဆံပုံက မပီပြင်သဖြင့် လှောင်ပြောင်ရယ်မောခံရသူများ ဖြစ်တတ်ကြသည် ။ သို့ဖြင့် မူးယစ်ဆေးဘက်သို့ လှည့်ကြရာ ဆေးစွဲသူများ ဖြစ်သွားကြသည် ။

မူးယစ်ဆေးက သူတို့ ၏ လိင်စိတ်ကိုချိုးနှိမ်ပေးရာ သူတို့ ၏ စိတ်ကူးယဉ်ကမ္ဘာလေးထဲတွင် သာ ပျော်မွေ့မှုရဟန်ရှိခဲ့ကြသည် ။ လိင်ကိစ္စသည် သူတို့ အတွက် အဓိပ္ပာယ် သိပ်မရှိတော့။ သို့သော် အဆိုးတစ်ခုမှ တစ်ခုသို့ပြောင်းမိခြင်းအတွက် ပြဿနာကြားကတော့ မလွတ်သေးပါ။ ဆေးသမားအများ စုသည် လိင်ရာဇဝတ်မှုမျိုးတွင် တိုက်ရိုက် မပတ်သက်ကြပါ။ သို့သော် ယှက်နွယ်မှုကတော့ ရှိကြသည် ။ ဆေးဝယ်ရေးအတွက်၊ ဘာမဆိုလုပ်တော့မည်ဖြစ်ရာ သူတို့ ကျူးလွန်သော ပြစ်မှုတို့ မှာ ဓားပြတိုက်မှု၊ ငွေညှစ်မှုများ နှင့် ပိုတူလှသည် ။

ငွေရရေးအတွက် ဘာမဆိုလုပ်မည့်သူတစ်မျိုးမှာ လိင်တူချင်းဆက်ဆံသူများ ဖြစ်ကြသည် ။ ၎င်းတို့ အား

မိန်းမသားတစ်ဦးတည်းရှိသောအိမ်သို့ ဝင်ရောက်ပြီး ငွေရရေးသာ ရှေးရှုသော ဖောက်ထွင်းရေးသမားလူနည်းစုနှင့် နှိုင်းယှဉ်၍ ရနိုင်ပါသည် ။ လိင်တူချင်းဆက်ဆံသူတို့ မှာ ကုန်စုံဆိုင်မှ ပစ္စည်းအလစ်သုတ်ခြင်းကအစ ဘဏ်ဓားပြတိုက်မှုအဆုံး လုပ်တတ်ကြသည် ။ ထိုအထဲမှ အကြမ်းဆုံးလူတချို့မှာ သူတို့ တွင် ထောက်ပံ့ရမည့် ယောကျ်ားဖော်များ ရှိနေတတ်ကြောင်း ကျွန်တော်သိခဲ့ရသည် ။ သူတို့ ၏ ရာဇဝတ်မှုနှင့် သူတို့ ၏ လိင်ပြဿနာများ ဆက်နွယ်နေဟန် မရှိသော်လည်း ရာဇဝတ်မှုကျူးလွန်အောင် လိင်ကိစ္စကပင် စေ့ဆော်ခြင်းဖြစ်သည် ။

မိမိတို့ ၏ အဖော်တို့ အား ရိုးရိုးသားသားနှင့် ရှာဖွေထောက်ပံ့နေသော လိင်တူချင်းဆက်ဆံသူ ထောင်ပေါင်းများ စွာ ရှိသည် က မှန်ပါသည် ။ ၎င်းတို့ မှာ ဥပဒေကို ရိုသေလေးစားသော သာမန်လူများ ဖြစ်သည် ။ အချို့ပြည်နယ်များ တွင် လိင်တူဆက်ဆံမှုများအား ရာဇဝတ်မှုဟု သတ်မှတ်ထားကြသော်လည်း အာဏာပိုင်တို့ ကတော့ ၎င်းတို့ အား လျစ်လျူရှုထားကြပါသည် ။

သို့သော် ကျွန်တော်တို့ ၏ ထောင်များ တွင် လိင်တူဆက်ဆံမှုကို အမြဲကျင့်သုံးနေသူများ ၊ တစ်ခါတစ်ရံတွင် သာ ကျင့်သုံးသူများ ၊ အခြားမှုခင်းတို့ ဖြင့် ရောက်နေသည် က အတော်များ လှသည် ။ တစ်ခါတစ်ရံတွင် သာ လိင်တူချင်း ဆက်ဆံသူတို့ မှာ ထောင်ထဲရောက် လာပြီးမှ မျှော်လင့်ချက် မရှိတော့သလို အချိန်ပြည့်ဆက်ဆံသူအဖြစ်သို့ ပြောင်းလဲသွားသည် က ကြေကွဲစရာကောင်းပါသည် ။ ၎င်းတို့ အား ကယ်တင်နိုင်ရန် မျှော်လင့်ချက်များ ရှိသော်လည်း အချို့မှာ ထောင်မှ ထွက်သွားချိန်တွင် "ဆေးကုမရတော့သူများ "ဖြစ်နေတတ်ကြသည် ။ ၎င်းတို့ ၏ လိင်စိတ်စေ့ဆော်မှုက ပြင်းပြလှသဖြင့် ထိုအရသာကို

ခံစားနိုင်သော ထောင်ထဲသို့ ခံဝန်ချုပ်ဖောက်ဖျက်ကာ ပြန်ရောက်လာတတ်ကြသည်။

လွန်ခဲ့သော ၁၂နှစ်ခန့်က ဖြစ်ပွားခဲ့သော အစောင့်နှစ်ဦး အသတ်ခံရပြီး နှစ်ပိုင်း အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်ရသော ဆန်ကွင်တင်းထောင်၏ သမိုင်းကြောင်းတွင် သွေးထွက်သံယို အ ဖြ စ် ဆုံး တ စ် ခု မှာ ထောင်ဖောက်ပြေးရန် ကြိုးပမ်းရာမှ ပေါက်ဖွားလာခြင်းဟု အစီရင်ခံသော်လည်း အမှန်တော့ ထောင်ကျနှစ်ဦး၏ လိင်တူချင်း ဆက်ဆံသူများ အဖြစ်သို့ ပြောင်းလဲသွားခဲ့ကြသည် ။ မိန်းမမရှိလျှင် မနေတတ်သော ကျန်လူများကတော့ ထွက်ပြေးရန် ကြိုးစားကြသည် ။ ထိုထောင်ဖောက်ပြေးမှုတို့ ၏ နောက်ကွယ်မှ စိုးမိုးခြယ်လှယ်သော "အား "မှာ လိင်စိတ်ပင် ဖြစ်သည် ။ ယင်း "အား"ဒဏ်ကြောင့် ဖြစ်ပေါ်လာသော ကြမ်းတမ်းသည့် ရန်းရင်းဆန်ခတ်ဖြစ်မှုမျိုးကို ရှောင်လွှဲနိုင်၍ ရကောင်းသည် ဟု ကျွန်တော် ယုံကြည်မိသည် ။ ဇနီးဖြစ်သူ သို့မဟုတ် ရည်းစားဖြစ်သူနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးခြင်းသည် လိင်တူဆက်ဆံသောကိစ္စကို အတော်များများ ယုတ်လျော့စေသလို ထောင်ဖောက်မှုကိုလည်း လုံးဝနီးပါးမျှ ပပျောက်သွားစေပါလိမ့်မည်။

တရားမဝင် ကလေးဖျက်ချသူများ တွင် လည်း သူ့လိင်ပြဿနာနှင့်သူ ရှိပါသည် ။ ကလေးဖျက်ချပေးရင်းမှ ကျေနပ်နှစ်သိမ့်စိတ်ကိုလည်းကောင်း ရယူတတ်သည် ။ ကလေးဖျက်ချခံရသူအဖို့ တတ်နိုင်သလောက် ဝေဒနာကို ပြင်းထန်စွာ ခံစားစေရမှုကို ကြိုက်နှစ်သက်သော စိတ်မူမမှန်သူဖြစ်ပုံကို ယင်းအမှုတော်တော်များများ တွင် တွေ့ခဲ့ရသည် ။ တစ်ခါတစ်ရံတွင်

ကလေးဖျက်ချမပေးမီ လိင်ဆက်ဆံခွင့်ကိုပင် တောင်းဆိုတတ်ပါသေးသည် ။

ထောင်ကျလာသော ကလေးဖျက်ပေးသူမှာ လိုင်စင်ရ ဆရာဝန်တစ်ဦးဖြစ်ခြင်းက ရှားလှသည် ။ ဆေးပညာရပ်ကို အနည်းအကျဉ်း သင်ခဲ့ဖူးသူဟူ၍ တစ်ဦးတလေသာ ရှိသည် ။ ၎င်းတို့ အများ စုမှာ ကလေးများ နှယ် ဆရာဝန်လုပ်တမ်း ကစားရန် အလွန်စိတ်ဝင်စားသူများ ဖြစ်ကြသည် ။ ၎င်းတို့ က ဆေးပညာကို စာဖတ်ရုံ၊ စကားစမြည်ပြောရုံတို့ မှ အတုခိုးသူများ သာ ဖြစ်သည် ။ မိန်းမသားတစ်ဦးအဖို့ ကလေးဖျက်ချပေးရန် လူကိုရှာသည့်အခါ ဆေးကျောင်းတက်ဖူးသူကိုရပါက ကံကောင်းသည် ဟု ဆိုရပါမည်။ သူမအတွက် ဆေးရုံအစောင့်၊ လူနာ၊ လူနာလာမေးသူကဲ့သို့ ဆေးရုံအတွင်းဘက်သို့ ရောက်ဖူးသူမျိုးထက် မပိုသော ရင်သိမ့်တုန်အဖြစ်ကို ရှာသူမျိုးကိုတွေ့ဖို့ က ပိုများ ပါသည် ။

အခြားသော လိင်ပြဿနာရှိသူတစ်မျိုးမှာ ကလေးများ ၏ မမြင်ကွယ်ရာကို ထိတွေ့ပြီး လိင်စိတ်ဖြေသူ၊ မိမိ၏ အင်္ဂါကို ပြသတတ်သူတို့ ဖြစ်သည် ။ စိတ်ရောဂါကု ပညာရှင်များ အဆိုအရ ထိုသူတို့ ၏ လိင်စိတ်ဖွံ့ဖြိုးမှုမှာ ကလေးဘဝကတည်းက တိမ်မြုပ်သွားခဲ့ကြောင်း သိကြရသည် ။ မိခင်၏ ချော့မြှူထွေးပွေ့ခြင်းကြောင့် ပုံမှန်လိင်စိတ်စေ့ဆော်မှု ရရှိရာမှ လမ်းကြောင်းပြောင်းသွားသူက အများ စုပင်ဖြစ်သည် ။

ကလေးတစ်ယောက်အဖို့ လိင်စေ့ဆော်မှုများ စွာရသည် က အမှန်ပင်။ ကလေးငယ် ကောင်လေးတစ်ယောက်အနေဖြင့် မိခင်အား ခေါင်းအစ ခြေအဆုံး ကုတ်တွယ်သွားလာတတ်ရာ မိခင်၏

ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ထိတွေ့ရင်းမှ စိတ်အလွန်လှုပ်ရှားရမှုကို ရတတ်ကြသည် ။ မိခင်၏ တုံ့ပြန်ပုံသည် ကလေး၏ အနာဂတ်အပြုအမူအတွက် သော့ချက်ပင် ဖြစ်သည် ။

သူမ၏ တုံ့ပြန်မှုသည် မိခင်အများ စုနှယ် ကြင်ကြင်နာနာရှိပါက ကလေးငယ်အား ကြီးပြင်းလာချိန်တွင် ပုံမှန်ပြုမူတတ်ရန် ပြင်ဆင်ပေးပြီးဖြစ်သည် ။ ကလေးငယ်က မတော်ရာများကို ကိုင်တွယ်မိချိန်တွင် တွန်းဖယ်ရိုက်ပုတ်ခဲ့ပါက အနာဂတ်ပြဿနာကို စတင်မီးမွှေးပေးလိုက်ခြင်းမျိုး ဖြစ်နိုင်ပါသည် ။ တစ်ခါတစ်ရံတွင် ဖြစ်တတ်သော အတင်းရုန်းကန်ဖယ်ရှားခြင်းမှာ ကလေး၏ ပုံမှန်လိင်စိတ်ထကြွစွမ်းကို ပိုမိုခက်ခဲသွားစေနိုင်သည် ။

၎င်းကလေးငယ်သည် ကလေးများကို လိင်မှုအန္တရာယ်ပေးသူ သို့မဟုတ် မုဒိမ်းသမားအဖြစ်သို့ အငုံစိတ်က တိုးဝင်နေရာယူသွားပေလိမ့်မည်။ ကလေးများကို ချစ်သော၊ ကလေးအား လိင်အန္တရာယ်ပေးသူ ဖြစ်စေ၊ မချစ်တတ်သူဖြစ်စေ၊ လမ်းမမှန်သော တပ်မက်မှုဖြင့် နှိုးဆွဆန္ဒ ဖြေတတ်ကြသည် မှာ လူသတ်မှုဖြစ်လာစေလောက်သည် အထိ ဖြစ်သည် ။ ၎င်းတို့ ၏ ဘာသာတရား ကိုင်းရှိုင်းတတ်မှုကလည်း ကလေးဘဝကပင် ကွယ်ပျောက်ခဲ့ကြောင်း ဆရာဝန်တစ်ဦးက ထောက်ပြခဲ့ဖူးသည် ။

ကလေးများ ၏ အင်္ဂါအား ထိတွေ့၍ လိင်စိတ်ဖြေသူအများ စုမှာ လိင်ဆက်ဆံမပေးနိုင်တော့သော အသက်အရွယ်ကြီးသူများ ဖြစ်ကြသည် ။ သူတို့ ၏ လိုဘမပြည့်မှုက အရွယ်ရောက် မိန်းမသားတို့ အား မစွမ်းသာသည့်အလျောက် ကလေးများကဘက်သို့ ဦးလှည့်သွားကြသည် ။ သူတို့ ၏ ပျိုရွယ်စဉ်က ပျော်ရွှင်မှုမျိုး

မရတော့ဘဲ အထီးကျန်နေသော ၎င်းတို့ မှာ ကလေးများ ၏ မမြင်ကွယ်ရာကို ကြည့်ရန် ထိတွေ့ကလိရန်သာ လိုလားကြသည် ။ ၎င်းကိစ္စမှ လွဲ၍ အများ စုမှာ အန္တရာယ်မရှိကြပါ။

၎င်းတို့ ပြုမူလိုက်သော ကလေးများ တွင် မည်သည့် စိတ်ပိုင်းဆိုင်ရာ အမာရွတ်များ ကျန်ရစ်ခဲ့ကြောင်း မသိရသည် က အမှန်ပင်ဖြစ်သည် ။ သိပါက မိဘများအား ကျွန်တော် ပြောပြမည်ဖြစ်သည် ။ သို့သော် ကလေးများ အနေဖြင့် ကြမ်းကြမ်းတမ်းတမ်း ပြုမူခြင်း မခံရပါက စိတ်ပိုင်းဆိုင်ရာ ကယောက်ကယက်ဖြစ်မှု (ငါး)ဆယ်ရာခိုင်နှုန်းမျှပင် မရှိကြောင်းတော့ ကျွန်တော် သေချာပါသည် ။ မိန်းကလေးငယ်များ အဖို့ အဘိုးကြီးများ သည် သူကလေးတို့ ၏ ချစ်ခင်စဖွယ်အဘိုးမျိုး၊ မိတ်ဆွေအိုကြီးမျိုးသာ မှတ်ယူလေ့ရှိကြသည် ။ မိခင်က ထိုသူတစ်ဦးဦးမှာ ကြောက်စရာ မကောင်းဆိုးဝါးကြီးဖြစ်ကြောင်း ပြောချိန်မှ သာ မကောင်းဆိုးဝါးအဖြစ် မှတ်ယူတတ်ကြသည် ။

လိင်ပိုင်းဆိုင်ရာ မပြည့်စုံမှုသည် ရဲများ နှစ်ပေါင်းအတန်ကြာ လိုက်ခဲ့ရသော ဘော်စတန်မြို့မှ လည်ပင်းညှစ်အသတ်ခံရမှုများ နှယ် လူတို့ အား ရာဇဝတ်မှု ကျူးလွန်စေတတ်သည် ။ ၎င်းအမှုတို့ ၏ အခြေခံအကြောင်းရင်းကမူ အတူတူပင်ဖြစ်သည် ။ သားကောင်သည် ဆေးရုံလုပ်ငန်းနှင့် ပတ်သက်သူ၊ ပတ်သတ်ခဲ့သူ ဖြစ်မည်။ တစ်ဦးတည်း နေထိုင်သည် ။ အသက်က ငါးဆယ်ကျော်အရွယ်ရှိမည်။ မုဒိမ်းကျင့်ခံရပြီး မိမိ၏ ခြေအိတ်ရှည်နှင့် လည်ပင်းကိုညှစ်သတ်ခံရသည် ။ ငယ်ရွယ်၍ လှပသူများကတော့ ထိုအဖြစ်မှ လွတ်ကင်းခဲ့ရဖွယ်ရှိသည် ။ ပြစ်မှုကျူးလွန်သူသည် လှပသူများကို ကြောက်ပြီး ၎င်းတို့ အား

လိင်ဆက်ဆံမှုပေးနိုင်စွမ်းမရှိသူသာ ဖြစ်သည် ။

အမေရိကန်လူမျိုးတို့ ၏ အစဉ်အလာမှာ သီးသီးသန့်သန့် နေထိုင်ပြောဆိုတတ်ခြင်းရှိသည် ။ ထို့အတွက် လူငယ်များ ဘာကို အာရုံစိုက်နေမှန်း လျစ်လျူရှုထားကြသည် ။ လူငယ်အများ စုမှာ လိင်ကိစ္စတွင် ဘယ်အရာက သင့်တော်ပြီး ဘယ်အရာက မသင့်တော်ကြောင်း၊ ဘယ်အရာက လက်ခံနိုင်ပြီး ဘယ်အရာက လက်မခံနိုင်ကြောင်း မသိဘဲ ကြီးပြင်းခဲ့ကြသည် ။ လိင်ကိစ္စနှင့်ပတ်သက်ပြီး ဤကဲ့သို့ စိုးရွံ့မှု၊ စိတ်ရှုပ်ထွေးရမှုမျိုး ဤနိုင်ငံလောက်ရှိသော နိုင်ငံ မရှိတော့ပါ။

အခြားနိုင်ငံများ တွင် လိင်ကိစ္စသည် သဘာဝကျသော၊ လူဆန်သော ကိစ္စဟူ၍ လက်ခံကြပြီး လူကြီးများ နှယ် လူငယ်တို့ ကိုလည်း ပြုမူခွင့်ပြုထားကြသည် ။ ကျွန်တော်တို့ သိထားသကဲ့သို့ ညစ်တီးညစ်ပတ်ဟာသများ ၊ တီးတိုးစကားများ စသည့် လိင်နှင့်ပတ်သက်သော မဖွယ်မရာများ မရှိကြပါ။ ဆန့်ကျင်ကန့်ကွက်မှုမရှိဘဲ ထိုအကြောင်းအရာများကို ရေးနိုင်ပြောနိုင်ကြသည် ။ လိင်ကိစ္စကို ကလေးများ ရှေ့တွင် ပြောင်ပြောင်ပြောဆိုကြရာ ၎င်းတို့ ကြီးပြင်းလာသည့်အခါ ကျွန်တော်တို့ နိုင်ငံမှ ကလေးများ နှယ် မဟုတ်ဘဲ မဖွယ်မရာ လိင်ကိစ္စရေးရာများ ပေါ်ပေါက်လာခြင်း မရှိတော့ပါ။

ဗက်ကာဗီးရှိ ကယ်လီဖိုးနီးယားပြည်နယ်ဆေးရုံသို့ အလည်ရောက်လာသော ဂျပန်လူမျိုး စိတ်ရောဂါကုပညာရှင်တစ်ဦးသည် လိင်ရာဇဝတ်ကောင်ဦးရေ များ ပြားလာခြင်းအတွက် အံ့သြသွားခဲ့သည် ။ တစ်နိုင်ငံလုံးရှိ

အကျဉ်းထောင်များ ၊ စိတ်ရောဂါကုဆေးရုံများ တွင် ထောင်ပေါင်းများစွာ ရှိနေသေးကြောင်းကို သူမယုံနိုင်အောင် ဖြစ်ခဲ့ရသည် ။ ထိုစဉ်က လူဦးရေ သန်းတစ်ရာမျှရှိ ဂျပန်နိုင်ငံတွင် တစ်နှစ်လျှင် ပျမ်းမျှ မုဒိမ်းမှုသုံးလေးမှုသာရှိပြီး အခြားလိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုမျိုးကို မကြားဖူးကြပါ။

လိင်ကိစ္စကို ကလေးများ မသိအောင် ဖုံးဖိထားခြင်းက သူတို့ ၏ စိတ်ကို ပို၍ လှုပ်ရှားစေတတ်သည် ။ လိင်စိတ်နိုးကြွမှု ဖုံးဖိထားရမှုက အခွင့်ရသည် နှင့် ပေါက်ကွဲတော့သည် ။ "လိင်"ဆိုသော စကားလုံးသည် ညစ်ပတ်သော စကားတစ်ခွန်းမဟုတ်ကြောင်း၊ ငယ်စဉ်က သိခဲ့ရသော လူကြီးများအား လိင်မှုဆိုင်ရာ မြင်ကွင်းအသံ အနံ့အသက် စသည် တို့က မဆွဲဆောင်နိုင်တော့ပါ။ အမေရိကန်များအား ရောင်းရန်ရည်ရွယ်သော ထိုခံစားမှုပေးသည့် ဓာတ်ပုံများ ရောင်းသူတို့မှာ ပါရီလမ်းမပေါ်တွင် အပြည့်ရှိပါသည် ။ အမေရိကန်တို့ သာ မဝယ်ပါက ၎င်းတို့ ထမင်းငတ်သွားပါလိမ့်မည်။

လိင်မှုကိစ္စပြုမူခြင်းနှင့် ပြောဆိုခြင်းမှာ ယေဘုယျသာ ဖြစ်သော်လည်း လိင်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ထိတ်လန့်ရသည် မှာ မုဒိမ်းကျင့်ခံရသူများ အနေဖြင့် တရားခံကို ထုတ်ဖော်တရားမစွဲခြင်း၊ စွဲခြင်းထက် ပိုများ နေသည့်အဖြစ်ပင်။ ၎င်းတို့သာမဟုတ်ပါ။ သက်သေများ သည် လည်း သက်သေမခံလိုကြ။ လိင်ပြစ်မှုတို့ တွင် မိမိတို့ ၏ သားသမီးများ သက်သေဖြစ်မည်ကိုလည်း မိဘများက ခွင့်မပြုတတ်ကြပါ။

၎င်းတို့ ၏ နောက်တွန့်မှုများကြောင့် ဥပဒေအကျိုးဆောင်တို့ မှာ မုဒိမ်းမှုကို သက်သေသာဓက ခိုင်လုံစွာ ပြနိုင်ရေးဝယ်

အခက်အခဲဖြစ်ကြရသည် ။ သို့ဖြင့် ရှေ့နေများမှာ တရားခံတို့ အား အပြစ်ရှိကြောင်း တင်ပြရမည့်အစား အပေးအယူသာ လုပ်ကြရသည် ။ ဥပမာ ဖောက်ထွင်းဝင်ရောက်မှုတွင် အပြစ်ရှိကြောင်း ဝန်ခံပါက မုဒိမ်းမှုနှင့် တရားမစွဲတော့ဟူ၍ ပင်။ တရားခံတို့ ကလည်း ဝမ်းပန်းတသာ လက်ခံကာ မမှန်သောအမှုနှင့် ထောင်ထဲသို့ လျော့လျော့ပေါ့ပေါ့ အပြစ်ဒဏ်နှင့် ဝင်သွားတတ်ကြသည် ။

ဤအဖြစ်မျိုးက ရယ်စရာ ဒုတိယပြဿနာများကို ဖြစ်စေပြန်သည် ။ ထိုတရားခံမျိုးသည် မိမိ မည်သည့်ပြစ်မှုကြောင့် ထောင်ထဲရောက်နေမှန်း မေ့သွားကြသည် ။ ထောင်ထဲမှ ထွက်သည့်အခါလည်း သူ့အား အန္တရာယ်ကြီးသော မုဒိမ်းကောင်အဖြစ် သတ်မှတ်၍ မရတော့။ သူက ပြောပါလိမ့်မည်။

"ဘာလဲဗျ ... ကျုပ်က မုဒိမ်းသမား မဟုတ်ဘူး ။ ဖောက်ထွင်းရေးသမားပဲ ... မယုံရင် ထောင်မှတ်တမ်းကို ကြည့်ပါလား"

ပြန်ပေးမှုဆိုသည် မှာ တစ်ခါတစ်ရံတွင် မုဒိမ်းမှုကို အစားထိုးသော အမှုတစ်မျိုး ဖြစ်သည် ။ သို့သော် ပြန်ပေးမှုသည် ပို၍ အပြစ်ဒဏ်လေးပြီး ပိုဆိုးနိုင်သော အကျိုးဆက်များ ရှိသဖြင့် တရားခံကိုယ်တိုင်က ရွေးချယ်သော ပြစ်မှုမျိုးတော့ မဟုတ်ပါ။ "လင်းဘတ်ကလေးဥပဒေ"အရ ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြ န် ပေး မှု မှာ အပြစ်ဒဏ်အတော်ကြီးသော အမှုဖြစ်သည် ။ "မီးနီးဓားပြ"ဟု နာမည်ရသော ကာရိုင်းချက်စမင်းမှာ မုဒိမ်းသမား ဖြစ်သော်လည်း နည်းပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြန်ပေးသမားဖြစ်ခဲ့ရသည် ။

လိင်ရာဇဝတ်မှုများ ထဲတွင် အဆန်းကြယ်ဆုံးတစ်မျိုးမှာ မိသားစုဝင်အချင်းချင်း လိင်ဆက်ဆံခြင်းပြစ်မှုဖြစ်သည် ။ လူတစ်ဦးသည် သူ၏ သားသမီးအား အဘယ်ကြောင့် လိင်မှုကျူးလွန်ပါသနည်း။ မိမိအား လက်မခံတော့သည့် ဇနီးသည် ၏ တောင့်တမှုကို ပြန်ရလို၍ ဖြစ်ကြောင်း အဖြေသာ ဖြေတတ်လေ့ရှိပါသည် ။ ဤအဖြစ်မျိုးရောက်အောင် ဇနီးသည် က တွန်းပို့သော အမှုများကို ကျွန်တော်သိပါသည် ။ ခင်ပွန်းသည် ၏ လိင်လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်သော၊ မဖြည့်ဆည်းလိုသော ဇနီးသည် က မယားမြှောင်ထားမည့်အစား မိသားစုထဲမှာ ပင် ထိုကိစ္စချုပ်ငြိမ်းစေရန် သမီးအား မိခင်က ဓားစာခံခိုင်းလိုက်ခြင်း ဖြစ်သည် ။

ထို တ ရား ခံ မျိုး မှာ ၎င်းအိမ်ပြန်ရောက်ချိန်၌ သမီးဖြစ်သူအား အဝေးသို့ပို့ထားခြင်းဖြင့် ပြန်လည်ဖြောင့်မတ်ပေး၍ လွယ်ကူသူများ ဖြစ်ကြသည် ။ ၎င်းတို့ မှာ တခြားသူများ အတွက် အန္တရာယ်မရှိသလို ထိုပြစ်မှုကို ပြန်လည်ကျူးလွန်လိုစိတ် မရှိတော့ပါ။ မိမိအမှားကိုသိသော ဇနီးသည် ကလည်း ခင်ပွန်းသည် အား ပြန်လက်ခံပြီး ကျန်ဘဝကို အနည်းနှင့်အများ ဆိုသလို ပျော်ရွှင်နိုင်ခဲ့ကြပါသည် ။

လူငယ်များကို သဘောကျသော၊ လိင်ရာဇဝတ်ကောင်များကမူ အန္တရာယ်အကြီးဆုံးဖြစ်သလို ပြန်လည်ဖြောင့်မတ်ပေးရန် မတတ်နိုင်ကြပါ။ သူတို့ ၏ ရမ္မက်ကပို၍ သာ ပြင်းထန်နေတတ်ကြသည် ။ ၎င်းတို့ သည် အရွယ်ရောက် မိန်းမသားများ ၊ ယောကျ်ားကြီးများကို မုန်းတတ်ကြသည် ။ ကြောက်ရွံ့တတ်ကြသည် ။ သူတို့ အတွက် ကောင်လေးများကသာ

စိတ်လုံခြုံမှုကို ပေးစေတတ်သည် ။

အဆင့်သတ်မှတ်ပေးရန် အခက်ခဲဆုံး ရာဇဝတ်မှုမှာ ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်းက မျိုးစုံလှသော လူသတ်မှုပင်ဖြစ်သည် ။ ဒေါသကြောင့် သို့မဟုတ် လောဘကြောင့် သို့မဟုတ် အလိုမပြည့်၍ လူသတ်တတ်ကြသည် ။ ငွေကြောင့်၊ မိန်းမတစ်ယောက်ကြောင့်၊ သို့မဟုတ် လက်စားချေလိုမှုကြောင့် လူသတ်မှု ဖြစ်ကြသည် ။ သတ်ချင်၍ သတ်သော အမှုမျိုးက ရှားသည် ။ လူသတ်သမားတစ်ဦးအဖို့ လူသတ်မိချိန်၌ အလွန်ခိုင်မာသော အကြောင်းတစ်ခုတော့ ရှိသည် ချည်းသာဖြစ်သည် ။

လူ သ တ် မှု အား လုံး မှာ လိင်ကိစ္စကြောင့်ဟု ကျွန်တော် မဆိုလိုသော်လည်း လိင်ကိစ္စစေ့ဆော်မှုကတော့ တစ်နည်းနည်းနှင့်တော့ ပတ်သက်လျက်ရှိနေတတ်ပါသည် ။ ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုတို့ မှာ ရမ္မက်ဆန္ဒဇောကြောင့် ဖြစ်တတ်ကြရာ လိင်ကိစ္စအား ဖြစ်နိုင်ခြေရှိသော ပြစ်မှုကျူးလွန်ရာ အကြောင်းရင်းမှ လုံးဝဖယ်ထုတ်၍ မရနိုင်ပါ။

ကျွန်တော်တို့ ၏ အကျဉ်းထောင်များ ထဲတွင် လူ ဦး ရေ တိုး ပွား နေ ရ ခြ င်း မှာ မိမိတို့ ၏ လိင်ပြဿနာများကို ကိုင်တွယ်နိုင်စွမ်းမရှိသူတို့ ကြောင့်ဖြစ်သည် ။ ၎င်းပြဿနာများ ပြုစုကုသရေး ပိုမိုကျယ်ပြန့်လာမှုနှင့် ပိုမိုသဘောပေါက်နားလည်လာမှုရှိရန် ကျွန်တော့်ကြိုးပမ်းချက် အောင်မြင်ပါမှ ကြိုးပမ်းရကျိုး နပ်ပါလိမ့်မည်။

Clinton T.Duffy နှင့် Al Hirshberg တို့၏

"Sex and Crime" မှ

Sex as the Cause of Most Crime ကို ပြန်ဆိုသည် ။